# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 4 , 2022 Volume 59, Number 2

၄.၁၀.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၀၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၉၀၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၇၂.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၆၈.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၈၅.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၁.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၁၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၇၆၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၀၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၂.၂၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၉၃၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## မကွေးကုန်စည်ဒိုင်တွင် တစ်ပတ်အတွင်း နှမ်းနက်၊ နှမ်းဖြူဈေးများ ကျဆင်းလျှက်ရှိ

မကွေးတိုင်းဒေသကြီး၊ မကွေးကုန်စည်ဒိုင်တွင် နှမ်းမျိုးစုံအရောင်းအဝယ်ဖြစ်လျှက်ရှိပါသည်။ တစ်ပတ်အတွင်း ကာလတူ (၂၃.၉.၂၀၂၂) ရက်နေ့နှင့် (၃၀.၉.၂၀၂၂) ရက်တို့နှိုင်းယှဉ်ပါက နှမ်းများထွက်ပေါ်လာပြီး ငွေကြေးဈေးကွက်နှင့်အတူ ရန်ကုန်ဝယ်လိုအား၊ မန္တလေးဝယ်လိုအား လျှော့နည်းလာသည့်အတွက် နှမ်းနက်နှင့်နှမ်းဖြူ ဈေးများကျဆင်းလျှက်ရှိကြောင်း သိရှိရပါသည်။ နှမ်းနက်(စမုံ)(AV1) (၄၅)ပိဿာ(၁) အိတ်လျှင် ယခင်တစ်ပတ်တွင် (၃၂၄၀၀၀)ကျပ်ဈေး၊ ယခုတစ်ပတ် (၂၈၅၀၀၀)ကျပ်ဈေးဖြစ်သည့်အတွက် (၂၉၀၀၀)ကျပ်၊ နှမ်းနက်စမုံ(AV–2) (၄၅)ပိဿာ (၁)အိတ်လျှင် ယခင်တစ်ပတ်တွင် (၃၀၅၀၀၀)ကျပ်ဈေး၊ ယခုတစ်ပတ် (၂၈၅၀၀၀)ကျပ်ဈေး ဖြစ်သည့်အတွက် (၂၀၀၀၀)ကျပ်၊ နှမ်းဖြူ(မကွေး)သစ် (၄၅)ပိဿာ(၁)အိတ်လျှင် ယခင်တစ်ပတ်တွင် (၃၀၇၅၀၀)ကျပ်ဈေး၊ ယနေ့(၂၈၅၀၀၀) ကျပ်ဈေးဖြစ်သည့်အတွက် (၂၂၅၀၀) ကျပ်၊ နှမ်းဖြူ(၄၅)ပိဿာ (၁)အိတ်လျှင် ယခင်တစ်ပတ်တွင် (၂၉၆၀၀၀)ကျပ်ဈေး၊ ယနေ့(၂၇၅၀၀၀) ကျပ်ဈေးဖြစ်သည့်အတွက် (၂၁၀၀၀) ကျပ် အသီးသီးဈေးကျကာ အရောင်းအဝယ်ဖြစ်လျှက်ရှိကြောင်း သိရှိရပါသည်။

Source: ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## အောင်လံကုန်စည်ဒိုင်တွင် ပဲမျိုးစုံဈေးကျဆင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံကုန်စည်ဒိုင်တွင် တစ်ပတ်အတွင်း ကာလတူ (၂၃.၉.၂၀၂၂) ရက်နေ့နှင့် (၃၀.၉.၂၀၂၂) ရက်နေ့ နှိုင်းယှဉ်ပါက ပဲမျိုးစုံဈေးများ ကျဆင်းသွားကြောင်း သိရှိရပါသည်။ မတ်ပဲနှင့်ပဲစဉ်းငုံဈေးများ အိန္ဒိယမှ ဝယ်လိုအား ကောင်းနေသော်လည်း ဒေါ်လာငွေလဲလှယ်နှုန်း ကျဆင်းလာသည်နှင့်အညီ ကျန်ပဲမျိုးစုံဈေးများလည်း ကျဆင်းသွားကြောင်း သိရှိရပါသည်။

ပဲစဉ်းငုံ(၂၀)ပိဿာ (၁)တင်းလျှင် ယခင်တစ်ပတ်တွင် (၆၇၅၀၀)ကျပ်၊ ယခုတစ်ပတ်တွင် (၆၃၀၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၄၅၀၀)ကျပ်၊ မတ်ပဲ (၂၀)ပိဿာ (၁)တင်းလျှင် ယခင်တစ်ပတ်တွင် (၆၃၀၀၀)ကျပ်၊ ယခုတစ်ပတ်တွင် (၆၀၀၀၀)ကျပ်ဈေး ဖြစ်သည့်အတွက် (၃၀၀၀)ကျပ်၊ ပဲတီစိမ်း (၂၀)ပိဿာ (၁)တင်းလျှင် ယခင်တစ်ပတ်တွင် (၅၀၀၀၀)ကျပ်၊ ယခုတစ်ပတ်တွင် (၄၈၀၀၀)ကျပ်ဈေးဖြစ်သည့်အတွက် (၂၀၀၀)ကျပ်၊ ကုလားပဲ(HL) (၂၀)ပိဿာ (၁)တင်းလျှင် ယခင်တစ်ပတ်တွင် (၆၃၅၀၀)ကျပ်၊ ယခုတစ်ပတ်တွင် (၅၉၀၀၀)ကျပ်ဈေးဖြစ်သည့်အတွက် (၄၅၀၀)ကျပ်၊ ကုလားပဲ (မြကြေး) (၂၀)ပိဿာ (၁)တင်းလျှင် ယခင်တစ်ပတ်တွင် (၆၃၅၀၀)ကျပ်၊ ယခုတစ်ပတ်တွင်

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

(၅၉၀၀၀)ကျပ်ဈေးဖြစ်သည့်အတွက် (၄၅၀၀)ကျပ်တို့ အသီးသီးဈေးနှုန်းများကျဆင်းလာကာ အရောင်းအဝယ်ဖြစ်လျှက်ရှိကြောင်း သိရှိရပါသည်။

Source: ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## မြန်မာနိုင်ငံမှ စင်ကာပူနှင့်ကိုရီးယားနိုင်ငံတို့သို့ သံရည်ကျိုပုံလောင်းထုတ်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိ

မြန်မာနိုင်ငံမှ စင်ကာပူနိုင်ငံနှင့်ကိုရီးယားနိုင်ငံတို့သို့ ပို့ကုန်အဖြစ် လျှပ်စစ်မီးတိုင်အောက်ခံခုံများ၊ သံကြွပ်မြောင်းဖုံးအမျိုးမျိုး၊ ပို့ကုန်ခဲသီးအစားထိုး သံကြွပ်ခဲသီးများကို နေ့စဉ်လုပ်သားဦးရေ ၈၀ ဖြင့် တစ်ရက်လျှင် ကုန်ချောထုတ်ကုန်ရှစ်တန်ခန့် ထုတ်လုပ်တင်ပို့လျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့နယ် ဘုရားကြီးမြို့ အနောက်ပိုင်းရပ်ကွက် အမှတ်(၂၉)ရှိ ဦးအေးဝင်း၏ သံရည်ကျိုပုံလောင်းလုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးသည်။ ထိုသို့ကြည့်ရှုအားပေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များနှင့်အညီ မိမိတို့တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးရန်လာရောက်ရခြင်းဖြစ်ပြီး ကုန်ကြမ်းရရှိမှုပေါ် မူတည်လုပ်ကိုင်နေရသည်ကိုသိရ၍ ကုန်ကြမ်းများ ဈေးနှုန်းသက်သာစွာ လွယ်ကူစွာရရှိနိုင်ရေး၊ အချို့ကုန်ချောများသည် စင်ကာပူနိုင်ငံနှင့်ကိုရီးယားနိုင်ငံတို့သို့ လစဉ်တင်ပို့ပေးနေရသော်လည်း တစ်ဆင့်ခံဖြစ်နေသဖြင့် ထိုက်သင့်သည့်ဈေးနှုန်းမရရှိ၍ တိုက်ရိုက်ချိတ်ဆက်ပြီး ခိုင်မာသည့်ပြည်ပဈေးကွက်ရရှိစေရေး၊ လုပ်ငန်းတိုးချဲ့နိုင်ရန် မြေနေရာရရှိရေးနှင့်လုပ်ငန်းချိန်အတွင်းလျှပ်စစ်မီးအပြည့်အဝရရှိရေး သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါသံရည်ကျိုလုပ်ငန်းသည် ၂၀၁၃ ခုနှစ်တွင် နိုင်ငံတော်အဆင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်ဆုနှင့် ၂၀၁၈ ခုနှစ်တွင် ဒေသဆိုင်ရာ ထုတ်ကုန်အမျိုးအစားတွင် ဒုတိယဆုရရှိထားပြီး လက်ရှိတွင် မီးဖိုချောင်သုံးပစ္စည်းများ၊ မီးဖိုသံဆန်ခါများ၊ လျှပ်စစ်သံခွေများ၊ ငရုတ်ဆုံများ၊ စက်သီးဘီးများ၊ ချိန်ခွင်အလေးများ၊ သံကြွပ်ဒယ်အိုးများ၊ သံကြွပ်သံပန်းပုံစံအမျိုး ၁၀၀ ကျော်၊ ဆားဗစ်ကန်အဖုံးများ၊ လေဂေါက်များ၊ သဲစုပ်ပန့်၊ ကျောက်စုပ်ပန့်၊ ရွှေစုပ်ပန့်အမျိုးမျိုး၊ သံကျင်တွယ်အမျိုးမျိုး၊ သံနန်းဆွဲခြင်း၊ သံတံခါးသုံး ဖလပ်ပြားအမျိုးမျိုး၊ ခေးသံ၊ တံစဉ်ကြိတ်ပြားများ၊ ရိတ်သိမ်းခြွေလှေ့စက်သွားများ၊ အပ်ချုပ်စက်ခြေထောက်များ၊ မီးသတ်ပိုက်ခေါင်းအထိုင်များကို ပြည်တွင်းအသုံးပြုရန်သာမက ပြည်ပပို့ကုန်အဖြစ် ထုတ်လုပ်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/30967

## တစ်ပတ်တာ အာရှဆန်ဈေးနှုန်း အတက်အကျများ

အရှေ့အလယ်ပိုင်းနှင့်တောင်အာရှတို့မှ ဝယ်လိုအားကြောင့် ထိုင်းနိုင်ငံမှ တင်ပို့သည့်ဆန်ဈေးသည် ယခုသီတင်းပတ်အတွင်း မြင့်တက်ခဲ့သည်။ ၅ ရာခိုင်နှုန်း ဆန်ကွဲပါ ထိုင်းဆန် <RI-THBKN5-P1> သည် လွန်ခဲ့သည့်တစ်ပတ်က တစ်တန်လျှင် ကန်ဒေါ်လာ ၄၂၀ မှ ၄၃၅ ဒေါ်လာမှ ယခု သီတင်းပတ်တွင် ကန်ဒေါ်လာ ၄၂၂ မှ ၄၃၅ ဒေါ်လာအထိ မြင့်တက်ခဲ့သည်။ "ဘင်္ဂလားဒေ့ရှ်ထံမှ တန်ချိန် နှစ်သိန်း၊ သုံးသိန်း ဝယ်ယူမှုအသစ်ရတယ်။ အီရတ်ကိုလည်း ဆန်ပေးပို့မှုအသစ်တွေရှိလာပါတယ်" ဟု ဘန်ကောက်အခြေစိုက် ကုန်သည်တဦးက ရိုက်တာသတင်းဌာနကို ပြောသည်။

အီရန်နိုင်ငံမှ ဝယ်လိုအားများ ရရှိလာသော်လည်း အဆိုပါဈေးကွက်ကို ဝန်ဆောင်မှုပေးရန်အတွက် မရှိမဖြစ်လိုအပ်သော ကုန်ပစ္စည်းများထုတ်လုပ်သည့် အလေ့အကျင့်ကောင်း goods manufacture practice (GMP)ကို ဖြည့်ဆည်းပေးနိုင်သည့် ထိုင်းကုမ္ပဏီ အနည်းငယ်သာရှိသည်ဟု အခြားကုန်သည်တစ်ဦးက ပြောကြားသည်။

၅ ရာခိုင်နှုန်းဆန်ကွဲပါ အိန္ဒိယပေါင်းဆန် <RI-INBKN5-P1> တစ်တန်လျှင် ယခင်အပတ်က ကန်ဒေါ်လာ ၃၇၆ မှ ၃၈၄ ဒေါ်လာဖြင့် ခေါ်ဈေးရှိခဲ့ပြီး ယခုအပတ်တွင် ကန်ဒေါ်လာ ၃၈၅ မှ ၃၉၂ ဒေါ်လာအထိ ကျဆင်းခဲ့သည်။ အိန္ဒိယနိုင်ငံသုံးငွေ ရူပီးဈေးကျခြင်း၊ အစိုးရက ပြည်တွင်းမှာ ဆင်းရဲသားများကို ဆန်အခမဲ့ပေးဝေခြင်း အစီအစဉ်ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း

တို့ကြောင့် ဆန်ဈေးကျဆင်းသည်။ စက်တင်ဘာလ ၂၈ ရက်တွင် ရူပီး၏ ကန်ဒေါ်လာနှင့်လဲနှုန်းသည် စံချိန်တင်ကျဆင်းခဲ့သည်။ "စက်တင်ဘာလထက်ကျော်ပြီး အစိုးရက အခမဲ့စားနပ်ရိက္ခာပေးဝေတာ ဆက်လုပ်တော့မှာမဟုတ်ဘူးလို့ ကုန်သည်တချို့က မျှော်လင့်နေကြတယ်။ ဒါပေမဲ့ အစိုးရက ဆန်အခမဲ့ဖြန့်ဖြူးမှုကို နောက်ထပ်သုံးလဆက်လုပ်တော့ ဈေးကွက်ထဲဆန်တွေပိုလျှံလာလိမ့်မယ်"ဟု အိန္ဒိယဆန်ကုန်သည်တစ်ဦးကပြောကြားသည်။

အိန္ဒိယဆန်ကွဲတင်ပို့မှု ပိတ်ပင်ထားခြင်း၊ ဆန်အမျိုးအစားအချို့အပေါ် ပို့ကုန်ခွန် ၂၀% ကောက်ခံခြင်းများကြောင့် ဗီယက်နမ်ဆန်ကို ပိုဝယ်ကြလိမ့်မည်ဟု တွက်ဆထားကြသည်။ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ ဗီယက်နမ်ဆန် <RI-VNBKN5-P1> တစ်တန်လျှင် လွန်ခဲ့သည့်တစ်ပတ်က ကန်ဒေါ်လာ ၄၀၀ မှ ၄၁၀ အထိရှိခဲ့ပြီး ယခုသီတင်းပတ်တွင် ကန်ဒေါ်လာ ၄၂၀ မှ ၄၂၅ ဒေါ်လာသို့မြင့်တက်သည်။ "ဈေးနှုန်းတွေကသာ မြင့်တက်နေတာ၊ တကယ်တော့ လတ်တလောမှာ အရောင်းအဝယ်စာချုပ်အသစ်တွေ လက်မှတ်ထိုးကြတာမရှိဘူး။ ဝယ်သူတွေကငြိမ်နေတယ်။ ရောင်းသူတွေကလည်း နောက်ထပ်ဈေးနှုန်းတက်ဖို့စောင့်ဆိုင်းနေကြတယ်" ဟု ဗီယက်နမ်နိုင်ငံ ဟိုချီမင်းစီးတီးမှ ဆန်ကုန်သည်တစ်ဦးက ပြောကြားသည်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/5079-asia-rice.html

## ဗီယက်နမ်သို့ သကြားတန်ချိန် ခြောက်သောင်းကျော်တင်ပို့မည်


https://www.foodindustrydirectory.com.mm

မြန်မာနိုင်ငံအနေဖြင့် လာမည့် ၂၀၂၂-၂၀၂၃ ခုနှစ်ရာသီ သကြားထွက်ရှိချိန်တွင် ဗီယက်နမ်သို့ ပြည်တွင်းသကြားစက်နှစ်ခုမှတစ်ဆင့် သကြားတန်ချိန် ခြောက်သောင်းကျော်တင်ပို့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းကသိရသည်။

မြန်မာနိုင်ငံရှိ သံတောင်ဦးနှင့် ငွေရည်ပုလဲသကြားစက်နှစ်ခုကို ဗီယက်နမ်က သကြားတင်သွင်းခွင့်ပေးထားပြီး ယင်းသကြားစက်နှစ်ခုမှ ပြည်ပဈေးကွက်များသို့ သကြားတန်ချိန် ခြောက်သောင်းတင်ပို့လျက်ရှိသည်။

ပြီးခဲ့သည့် ကြံရာသီတွင် သံတောင်ဦးသကြားစက်မှ သကြားတန်ချိန် ငါးသောင်းကျော်ထွက်ရှိခဲ့ပြီး ငွေရည်ပုလဲသကြားစက်က တန်ချိန် တစ်သိန်းလေးသောင်းဝန်းကျင် ထွက်ရှိခဲ့သည်။ လာမည့် ၂၀၂၃-၂၀၂၄ ရာသီတွင် သကြားစက်သစ်များ ဆက်လက်တပ်ဆင်မည်ဖြစ်ပြီး သကြားဈေးကောင်းနေသည့်အတွက် ကြံစိုက်ပျိုးရေးကိုတိုးချဲ့ထားကာ သကြားတင်ပို့မှုလည်း တိုးတက်လာမည်ဖြစ်ကြောင်း သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းက ပြောသည်။

မြန်မာနိုင်ငံတွင် သကြားကို ယခင်က နယ်စပ်များမှတစ်ဆင့် တရုတ်ဘက်သို့တင်ပို့ခဲ့ပြီး၊ ယခုအခါ ဗီယက်နမ်သို့ အဓိကတင်ပို့လျက်ရှိသည်။ ပြည်တွင်းသကြားဈေး မြင့်တက်နေသည့်အတွက် ၂၀၂၂-၂၀၂၃ ကြံရာသီအတွက် ကြံတစ်တန်ကို ကျပ်ကိုးသောင်းဝန်းကျင်အထိ ဈေးပေးနေကြကာ လက်ရှိသကြားတစ်ပိဿာလျှင် ကျပ် ၂၅၅၀ အထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source: MDN**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5076-more-than-60,000-tons-of-sugar-will-be-exported-to-vietnam.html

## မွေးမြူရေးကဏ္ဍ ပူးပေါင်းမြှင့်တင်သွားရန် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်းတို့ သဘောတူလက်မှတ်ထိုး

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးတို့ ပူးပေါင်းပြီး မွေးမြူရေးကဏ္ဍတိုးတက်ရေး အကောင်အထည်ဖော်သွားဖို့ နှစ်ဖက်သဘောတူနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။

လက်မှတ်ရေးထိုးပွဲကိုတော့ ပြီးခဲ့တဲ့ စက်တင်ဘာလ ၃၀ ရက်နေ့က ရန်ကုန်မြို့ MICT Park ရှိ Fortune International ရုံး၊ အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်ခဲ့တာပါ။

မြန်မာနိုင်ငံမွေးမြူရေးကဏ္ဍ တိုးတက်ရေးအတွက် မွေးမြူရေးကဏ္ဍတွင် နှစ်ဖက်အပြန်အလှန်ရင်းနှီးမြှုပ်နှံနိုင်ကြရန်၊ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုပုံစံများကို သုတေသနပြုဖော်ထုတ်သွားနိုင်ရန်နှင့် လက်တွေ့ပူးပေါင်းဆောင်ရွက်သွားနိုင်ရန်ဆိုတဲ့ရည်ရွယ်ချက်တွေနဲ့ အခုလို နားလည်မှုစာချွန်လွှာရေးထိုးကြတာဖြစ်တယ်လို့ သိရပါတယ်။ “အခုလို ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်လိုက်ခြင်းအားဖြင့် မြန်မာ့မွေးမြူရေးကဏ္ဍအတွက် လိုအပ်တဲ့သွင်းအားစုတွေ ပိုမိုလွယ်ကူလျင်မြန်စွာ ရရှိနိုင်မယ်။ နည်းပညာပိုင်းတွေ ပူးပေါင်းဆောင်ရွက်နိုင်မယ်။ ပြီးတော့ မြန်မာ့မွေးမြူရေးထုတ်ကုန်တွေအတွက် ဈေးကွက် ပိုမိုကျယ်ပြန့်လာနိုင်မယ်။ အဲ့ဒီလိုမျိုး အကျိုးကျေးဇူးတွေ ရလာနိုင်ပါတယ်” လို့ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်ကပြောပါတယ်။

အခုရေးထိုးလိုက်တဲ့ နားလည်မှုစာချွန်လွှာအရ မန္တလေး၊ နေပြည်တော် (သို့မဟုတ်) မန်စီ၊ ရွှေလီမြို့တွေမှာ မွေးမြူရေးဆိုင်ရာပြပွဲများကို ပူးပေါင်းကျင်းပသွားဖို့ရှိပြီး အဲဒီပြပွဲတွေမှာ မွေးမြူရေးနည်းပညာနှင့်စက်ပစ္စည်းများ၊ တိရစ္ဆာန်အစာ၊ မျိုး၊ ဆေးဝါးအစရှိတဲ့ မွေးမြူရေးသွင်းအားစုများ၊ ထုတ်ကုန်များကို ခင်းကျင်းပြသသွားမှာဖြစ်တယ်လို့ သိရပါတယ်။

အဆိုပါပြပွဲများအတွင်း နှစ်ဖက်မွေးမြူရေးပညာရှင်များရဲ့ ဆွေးနွေးဟောပြောပွဲများ၊ လုပ်ငန်းရှင်များရဲ့ business matching အစီအစဉ်များ ထည့်သွင်းကျင်းပသွားဖို့ရှိတယ်လို့လည်း သိရပါတယ်။

ဒါ့အပြင် နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံအတွင်း တိရစ္ဆာန်မွေးမြူရေး၊ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး၊ မွေးမြူရေးလုပ်ငန်းများ အဆင့်မြှင့်တင်ကာ စက်ယန္တရားများအသုံးပြုဆောင်ရွက်နိုင်ရေး၊ တိရစ္ဆာန်အစာ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် နည်းပညာသင်တန်းများ ပူးတွဲလုပ်ဆောင်သွားဖို့ရှိတယ်လို့လည်း သိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/MoU

## အောက်တိုဘာ ၃ ရက် ပြင်ပဈေးကွက်တွင် ပြည်တွင်းရွှေဈေးနှုန်း တစ်ကျပ်သားလျှင် ကျပ် ၂၅၉၀၀၀၀ ဝန်းကျင်ရှိနေ



https://news-eleven.com/article/238309

အောက်တိုဘာ ၃ ရက် ပြင်ပဈေးကွက်တွင် ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၂၅၉၀၀၀၀ ဝန်းကျင်ဖြစ်ပေါ်ခဲ့သော်လည်း ရန်ကုန်ရွှေအသင်းက တစ်ကျပ်သားလျှင် ကျပ် ၁၉၅၇၀၀၀ ဝန်းကျင် ရည်ညွှန်းဈေးသတ်မှတ်ခဲ့ကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။

ပြီးခဲ့သည့်အောက်တိုဘာ ၂ ရက်တွင် အခေါက်ရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ကျပ် ၂၅၅၀၀၀၀ ဝန်းကျင်ရှိပြီး အောက်တိုဘာ ၃ ရက်တွင် ၂၆၂၀၀၀၀ ဝန်းကျင်ရှိခဲ့ကြောင်း သိရသည်။ စံချိန်တင်ဈေးနှုန်းအနေဖြင့် ဩဂုတ် ၁၂ ရက်တွင် အခေါက်ရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ကျပ် ၂၆ သိန်းသို့ရောက်ရှိခဲ့ပြီး ဩဂုတ် ၁၃ ရက် တစ်ရက်တည်းတွင် နံနက်ပိုင်း၌ ၂၇ သိန်း၊ နေ့လည်ပိုင်းတွင် ၂၈ သိန်းကျော်အထိ စံချိန်တင်မြင့်တက်ခဲ့ပြီး၊ ဩဂုတ် ၃၁ ရက်က ၃၆၇၀၀၀၀ ထိ စံချိန်တင် မြင့်တက်ခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ်မှစ၍ ၂၀၂၂ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၅၅၀၀၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ ဖြစ်သည်။

ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်းကို ကျော်လွန်လာခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာတွင် ကျပ် ၁၃၁၀၀၀၀ ကျော်အထိ မြင့်တက်ခဲ့ခြင်းဖြစ်ကာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့သည်။

လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့်အမြင့်ဆုံး ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၂၀ ပြည့်နှစ် ဧပြီတွင် ၁၅၆၈–၁၇၂၉ ဒေါ်လာ၊ မေတွင် ၁၆၈၃–၁၇၄၈ ဒေါ်လာ၊ ဇွန်တွင် ၁၆၈၀–၁၇၇၉ ဒေါ်လာ၊ ဇူလိုင်တွင် ၁၇၆၉–၁၉၇၅ ဒေါ်လာ၊ ဩဂုတ်တွင် ၁၈၅၉–၂၀၇၅ ဒေါ်လာ၊ စက်တင်ဘာတွင် ၁၈၄၈–၁၉၇၅ ဒေါ်လာ၊ အောက်တိုဘာတွင် ၁၈၅၈– ၁၉၃၃ ဒေါ်လာ၊ နိုဝင်ဘာတွင် ၁၇၆၄– ၁၉၆၆ ဒေါ်လာ၊ ဒီဇင်ဘာတွင် ၁၇၇၆–၁၉၀၆ ဝန်းကျင်ရှိခဲ့ခြင်းဖြစ်သည်။

ရွှေဈေးနှုန်းအား သတ်မှတ်နိုင်ငံခြားငွေလဲနှုန်းအပေါ်မူတည်၍ အရောင်းအဝယ်ပြုလုပ်ရန် ညွှန်ကြားထားသော်လည်း ရွှေဆိုင်အများစုမှာ ပြင်ပပေါက်ဈေးဖြင့်သာ အရောင်းအဝယ်ပြုလုပ်နေကြကြောင်း သိရသည်။

**Source:** https://news-eleven.com/article/238309

## အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီတင်ပို့မှု ၂၀၂၂ ခုနှစ် တင်ပို့မှုလျော့နည်းခြင်းကြောင့် လက်ကျန်မြင့်တက်



https://www.foodindustrydirectory.com.mm

အင်ဒိုနီးရှား၏ စားအုန်းဆီတင်ပို့မှုသည် ပို့ကုန်ခွန်များ ဖျက်သိမ်းပြီးနောက် ဒုတိယနှစ်ဝက်တွင် ခုန်တက်ရန် ရည်မှန်းထားသော်လည်း ၂၀၂၂ တစ်နှစ်တာ စုစုပေါင်းသည် အစောပိုင်းကာလတွင် ကန့်သတ်ချက်များကြောင့် ယခင်နှစ် တန်ချိန် ၃၃.၇ သန်းထက် နည်းပါးနေသေးကြောင်း အင်ဒိုနီးရှား စားအုန်းဆီအသင်း Indonesian Palm Oil Association (GAPKI) ၏ ကုန်သွယ်မှုနှင့် မြှင့်တင်ရေး ဌာနခွဲအကြီးအကဲ Fadhil Hasan က ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ပြည်ပတင်ပို့မှုနည်းပါးခြင်းကြောင့် ယခုနှစ်ကုန်တွင် ကမ္ဘာ့အကြီးဆုံး စားအုန်းဆီထုတ်လုပ်သည့် အင်ဒိုနီးရှားနိုင်ငံတွင် လက်ကျန်သိုလှောင်မှု တန်ချိန် ၅ သန်းဝန်းကျင်အထိရှိနိုင်ကြောင်း၊ ယခင်နှစ်ကုန်တွင် လက်ကျန်သိုလှောင်မှုတန်ချိန် ၄ ဒသမ ၁ သန်းအထိရှိခဲ့ကြောင်း ၎င်းကပြောကြားသည်။ "ဒုတိယနှစ်ဝက်မှာ တင်ပို့မှုတွေက ပိုများလာမယ်၊ ဒါပေမဲ့ ပထမနှစ်ဝက်ရဲ့ ပို့ကုန်ကျဆင်းမှုကို ထေမိနိုင်မှာမဟုတ်ဘူး" ဟု Hasan က ဆိုသည်။

အင်ဒိုနီးရှားသည် ၂၀၂၂ ခုနှစ် မေလတွင် စားအုန်းဆီတင်ပို့မှုကို တားမြစ်ခဲ့သည်။ ပြည်တွင်း စားအုန်းဆီဈေးနှုန်းများ ကျဆင်းစေရန်အတွက် စားအုန်းဆီအမျိုးမျိုး ပြည်ပတင်ပို့မှုကို ပိတ်ပင်ထားခဲ့ခြင်းဖြစ်သည်။ သို့သော် ပိတ်ပင်ထားခြင်းကြောင့် စားအုန်းဆီထုတ်လုပ်သူများထံမှာ လက်ကျန်များပြားပြီး ထားသိုစရာ ဆီကန်မလုံလောက်တော့သဖြင့် ဆီစက်များက ထုတ်လုပ်မှုလျှော့ချထားပြီး ဆီအုန်းခိုင်များလည်း မဝယ်တော့ချေ။ သို့ဖြစ်ရာ ဆီအုန်းစိုက်ခင်းလုပ်ကိုင်သည့် လယ်သမားများ အခက်တွေ့ကုန်ကြသည်။ ဆန္ဒပြခြင်းများ ဖြစ်ပွားလာချိန်တွင် စားအုန်းဆီတင်ပို့ခွင့် ပြန်လည်ခွင့်ပြုခဲ့သည့်အပြင် ပို့ကုန်အပေါ် စည်းကြပ်သည့် အခွန်များကိုပါ လျှော့ပေါ့ပေးခဲ့ရသည်။

မကြာသေးမီက အင်ဒိုနီးရှား အစိုးရသည်  ပို့ကုန်စည်းကြပ်မှု လျှော့ပေါ့မှုကို အောက်တိုဘာ ၃၁ ရက်အထိ ရက်တိုးမြှင့် သတ်မှတ်ပေးခဲ့ပါသည်။ လက်ကျန်စားအုန်းဆီ များပြားနေသည်ကို လျော့ကျစေရန်အတွက် အစိုးရသည် စားအုန်းဆီ တင်ပို့မှုအပေါ် စည်းကြပ်မှုအား ၂၀၂၂ ဒီဇင်ဘာအထိ လျှော့ချသင့်သည်ဟု Hasan က ပြောကြားခဲ့သည်။

အင်ဒိုနီးရှားသည် ၂၀၂၂ ခုနှစ်တွင် စားအုန်းဆီကြမ်း တန်ချိန် ၄၅ သန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ယခင်နှစ်က တန်ချိန် ၄၆ ဒသမ ၉ သန်းထက် ကျဆင်းခဲ့ကြောင်း ၎င်းကဆိုသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဆီအုန်းစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးရန် တားမြစ်ထားခြင်းနှင့် ထုတ်လုပ်နိုင်စွမ်းလျော့ကျခြင်းတို့ကြောင့် ၂၀၂၃ တွင် ထုတ်လုပ်မှုသည် ၂၀၂၂ ထက် နည်းနေနိုင်သည်ဟု ၎င်းကဆိုသည်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/5070-indonesia-2022-palm-oil-exports.html

# STOCK EXCHANGE (4.10.2022)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 4th Oct. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,600 | +0 | +0.00% | 9,600 | 9,600 | 9,600 | 185 | 1,776,000 | 33,109,694 | 317,853 |
| MTSH | 00002 | 3,600 | +0 | +0.00% | 3,600 | 3,600 | 3,550 | 936 | 3,338,700 | 38,929,150 | 140,145 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 20,000 | +0 | +0.00% | 20,000 | 20,000 | 20,000 | 67 | 1,340,000 | 2,472,053 | 49,441 |
| TMH | 00005 | 2,800 | +50 | +1.82% | 2,800 | 2,800 | 2,750 | 1,759 | 4,912,250 | 12,823,224 | 35,905 |
| EFR | 00006 | 2,700 | -100 | -3.57% | 2,500 | 2,700 | 2,500 | 3,014 | 7,587,800 | 19,977,223 | 53,939 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 25 | 125,000 | 10,497,598 | 52,488 |


## Market summary

As of 4th Oct. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 420.15 | -0.78 | -0.19% | 417.85 | 420.15 | 417.85 | 5,986 | 19,079,750 | 7 | 730,899 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 4th Oct. 2022

| MYANPIX | 420.15 ▼ 0.78 |
|---|---|
| Total Volume (shares) | 5,986 |
| Total Value (MMK) | 19 mil |
| Listed Company | 7 |
| Market Cap. (MMK) | 730,899 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,600 | ▲ 0 |
| MTSH | 00002 | 3,600 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 20,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 50 |
| EFR | 00006 | 2,700 | ▼ 100 |
| AMATA | 00007 | 5,000 | ▲ 0 |